# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၂၄

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ တွင် ချမှတ်သည့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသော အယူခံမှု။

| | | |
|---|---|---|
| TECHO CORPORATION PTE. LTD (၎င်း၏ကိုယ်စား Mr. Tan Chye Heng (MD) | နှင့် | အေးမိသားစုကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဒေါ်ဟေဇာမြင့်ဦး(MD) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်သီတာမမ၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးထွန်းရှိန်၊ တရားလွှတ်တော်ရှေ့နေ |

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၀ တွင် TECHO CORPORATION PTE., LTD [၎င်း၏ကိုယ်စား Mr. Tan Chye Heng (MD)] က အေးမိသားစုကုမ္ပဏီလီမိတက် [၎င်း၏ကိုယ်စား ဦးမင်းသူ(ဒါရိုက်တာ)] အပေါ် တရားလိုပိုင်သိမ်းပိုက်ခြင်းခံထားရသောစက်ယန္တရားများကိုပြန်လည်လက်ရောက်ပေးအပ်ရန်နှင့် နစ်နာကြေးငွေကျပ် ၂၅၅၇၃၉၉၀၀၀ ရလိုမှုစွဲဆိုသည်။ ထိုအမှုတွင် ပဏာမငြင်းချက်နှင့်စပ်လျဉ်း၍ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မှန်ကြောင်း ဖြေဆိုဆုံးဖြတ်ကာ အဆိုလွှာကို ပယ်ခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို TECHO CORPORATION PTE., LTD [၎င်း၏ ကိုယ်စား Mr. Tan Chye Heng (MD)] က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမ အယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် တရားပြိုင်ကုမ္ပဏီမှ ဆောက်လုပ်လျက်ရှိသော အဆောက်အဦ၏ Bore piling လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် Mr. Tan Chye Heng အားကန်ထရိုက်တာအဖြစ်ဆောင်ရွက်ရန် တရားလိုနှင့်တရားပြိုင်သည် ၃၀-၆-၂၀၁၃ နေ့စွဲပါ

ပဋိညာဉ်စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ ၃-၃-၂၀၁၅ ရက်နေ့တွင် တရားပြိုင် ကုမ္ပဏီ၏အဆောက်အဦအတွက် Bore piling တိုင် ၉၄ လုံးဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသော pile Head Cutting လုပ်ငန်းကို တရားလိုကုမ္ပဏီခန့်ထားသော Sub Contractor ဦးကျော်လင်းထံမှ တရားပြိုင်ကုမ္ပဏီသည် တရားလိုသို့ အသိပေးခြင်းမရှိဘဲလွှဲပြောင်းရယူဆောင်ရွက်ခဲ့ကြောင်း၊ တရားလိုမှ Bore piling လုပ်ငန်းစာချုပ်၏ငွေစာရင်းရှင်းတမ်းနောက်ဆုံးပြုလုပ်နိုင်ရေးအတွက် တယ်လီဖုန်း Email၊ အမြန်ချောပို့တို့ဖြင့် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း အကြောင်းမပြန်ခဲ့ကြောင်း၊ ၂၀-၆-၂၀၁၅ နေ့တွင် တရားပြိုင်၏ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့သွားရောက်ခဲ့ရာ တရားလို၏ကမ်းလှမ်းတောင်းဆိုမှုများကို ငြင်းဆိုခဲ့ကြောင်း၊ ထို့လုပ်ငန်းခွင်အတွင်းရှိ တရားလို ကုမ္ပဏီပိုင်စက်ယန္တရားများအား ထုတ်ယူခွင့်မရသောကြောင့် အခြားစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခွင့်မရသည့်အတွက် တရားလိုတွင်များစွာနစ်နာရကြောင်း၊ ထို့ကြောင့် တရားလိုပိုင်ဆိုင်သော စက်ယန္တရားများနှင့်ဆက်စပ်ပစ္စည်းများကိုလက်ရောက်ပေးအပ်စေရန်နှင့် နစ်နာကြေးကျပ် ၂၅၅၇၃၉၉၀၀၀ ကို ပေးလျော်စေသည့် ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

ချေလွှာတွင် တရားလိုကုမ္ပဏီ၏ကိုယ်စားစွဲဆိုသူ Mr. Tan Chye Heng သည် တရားလိုကုမ္ပဏီက ဥပဒေနှင့်အညီ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိသဖြင့် တရားလိုအဖြစ်ရပ်တည်နိုင်စွမ်းမရှိကြောင်း၊ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်းဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်မရရှိသဖြင့် ဤအမှုကို စွဲဆိုခွင့်ရှိသူမဟုတ်ကြောင်း၊ သဘောတူစာချုပ်အပိုဒ် ၁၄ တွင် သဘောတူထားသည့်အတိုင်း တရားလိုနှင့်တရားပြိုင်အကြားအငြင်းပွားမှုကို နှစ်ဖက်သဘောတူခုံသမာဓိလူကြီးခန့်အပ်၍ အနုညာတ စီရင်ဆုံးဖြတ်မှုခံယူရခြင်းမရှိသေးသဖြင့် တရားစွဲဆိုရန်အကြောင်း မပေါ်ကြောင်းစသည့်ဖြင့် ချေပသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အဆိုလွှာအရ တရားလိုသည် ၃၀-၅-၂၀၁၃ ရက်စွဲပါ ပဋိညာဉ်စာချုပ်အပေါ် အခြေခံစွဲဆိုခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး၊ Myanmar prime Engineering & Construction Co, Ltd က Techo Corporation Pte, Ltd ၏ကိုယ်စားလှယ်အဖြစ် အချင်းဖြစ်ယန္တရားကြီးများအတွက် စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသည်မှာ မြင်သာကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုကိုမြန်မာနိုင်ငံတွင် Techo Corporation Pte, Ltd ၏ ဒါရိုက်တာ Mr. Tan Chye Heng ကငင်း၏ကုမ္ပဏီကိုလာရောက်လုပ်ကိုင်သည့်သဘောတွေ့ရှိရကြောင်း၊ စက်ယန္တရားများနှင့်စပ်လျဉ်း၍ တရားလိုနှင့်တရားပြိုင်အကြားအငြင်းပွားမှုကို ပိုင်ရှင်နှင့်ကန်ထရိုက်တာတို့သည် ပဋိညာဉ်အပိုဒ် ၁၃-၁ နှင့် ၁၄-၁ တို့နှင့်အညီ ဆောင်ရွက်ပြီးဖြစ်ကြောင်း ပေါ်ပေါက်မှုမရှိသေးသည့်အခြေအနေတွင် တရားလိုသည် ဤအမှုကိုစွဲဆိုရန် အချိန်ကျရောက်သည်ဟု မဆိုနိုင်ကြောင်း သုံးသပ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ အရ တရားလို၏အဆိုလွှာကို ပယ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက တရားပြိုင်၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ တရားလို ပိုင်စက်ယန္တရားများကိုယူဆောင်ခွင့်မရသည့်အတွက် တရားပြိုင်ထံ ဆွေးနွေးညှိနှိုင်းရန် စာ၊ Email၊ ရှေ့နေမှတဆင့်အကြောင်းကြားစာများပေးပို့ခဲ့သော်လည်း တရားပြိုင်မှ အတွေ့မခံဘဲ တရားလိုပိုင်စက်ယန္တရားများကို ၎င်း၏လုပ်ငန်းခွင်အတွင်း တရားလို၏ခွင့်ပြုချက်မရှိဘဲ သုံးစွဲနေခြင်းသည် နစ်နာသူတရားလိုမှ တရားပြိုင်အပေါ် တရားစွဲဆိုပိုင်ခွင့်ပေါ်ပေါက်ကြောင်း၊ တရားလိုသည် ပဋိညာဉ်စာချုပ်အပိုဒ် ၁၃-၁၊ ၁၄-၁ တို့အရ ညှိနှိုင်းဖြေရှင်းခြင်း၊ အနုညာတစီရင်ဆုံးဖြတ်မှုတို့ကို ပြုလုပ်ရန် တရားပြိုင်ဘက်မှရှောင်နေသည့်အတွက် မည်သို့မျှဆောင်ရွက်မရသဖြင့် တရားစွဲဆိုရခြင်းဖြစ်သောကြောင့် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ကြောင်း၊ မူလရုံးမှဆိုလွှာအားပယ်ခြင်းသည်ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက တရားလိုကုမ္ပဏီ၏ကိုယ်စားစွဲဆိုသူ Mr. Tan Chye Heng(MD)သည် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုယ်စားလှယ်လွှဲစာမပါရှိသဖြင့် တရားလိုအဖြစ်ရပ်တည်နိုင်စွမ်းမရှိ၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ တရားလိုနှင့်တရားပြိုင်အကြား ၃၀-၅-၂၀၁၃ ရက်စွဲပါ ပဋိညာဉ်သဘောတူ စာချုပ်ချုပ်ဆိုခဲ့သည်မှာ နှစ်ဖက်အငြင်းမပွားသဖြင့် ပဋိညာဉ်အပိုဒ် ၁၃-၁၊ ၁၄ တို့အရ အနုညာတ ဆုံးဖြတ်ခြင်းကို ခံယူရန်သဘောတူညီချက်ရှိပေရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဦးစွာခံယူခြင်း မရှိသေးသဖြင့် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း လျှောက်လဲတင်ပြသည်။

တရားစွဲဆိုရန်အကြောင်း Cause of action ဆိုသည့် စကားရပ်ကို **ဦးဆောင်း နှင့် ဦးခင်မောင် အမှု** [၁] တွင် အောက်ပါအတိုင်း ပြဆိုထားသည်-

> " Cause of action occurring in s 20 (c) of the Civil Procedure Code means every fact which if traversed, it would be necessary for the plaintiff to prove in order to support his right to the judgement of the Court. In other words, it is a bundle of facts which it is necessary for the plaintitt to prove before he can succeed in the suit."

တရားစွဲဆိုရန်အကြောင်းဟူသည် တရားလိုကအမှုတွင် အနိုင်မရမီသက်သေထင်ရှားပြရန်လိုအပ်သောအကြောင်းခြင်းရာစုဟု အဆိုပါ စီရင်ထုံးတွင်ပြဆိုခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁(c) ပါ ပြဋ္ဌာန်းချက်အဓိပ္ပါယ်ကို ပိုမိုရှင်းလင်းရာရောက်သည်။ စီရင်ထုံး ပါ "အမှုတွင် အနိုင်မရမီ" ဟူသောစကားရပ်သည် " အမှုတွင် အနိုင်ရရန် " အဓိပ္ပါယ်ရသည်ဟု တစ်နည်းဆိုနိုင်သည်။

---

၁။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၁၄( တရားလွှတ်တော်)

" တရားစွဲဆိုရန်အကြောင်းဆိုသည်မှာ တရားလိုအမှုနိုင်ရန်သက်သေထင်ရှားပြရန် လိုအပ်သောအကြောင်းခြင်းရာစုဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁(င) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် အဆိုလွှာတွင် တရားစွဲဆိုရန်အကြောင်းကိုဖြစ်မြောက်စေသော အကြောင်း ခြင်းရာများ (facts constituting the cause of action) ကိုအဆိုပြုရမည်ဖြစ်သည်။ အဆိုလွှာက တရားစွဲဆိုရန် အကြောင်းဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို ထင်ရှားသိသာစေခြင်း မရှိလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁(က) အရ အဆိုလွှာကို ပယ်ရမည် ဖြစ်သည်။ ထို့ကြောင့် အဆိုလွှာတွင် အဆိုပြုထားသောအကြောင်းခြင်းရာများသည် တရားစွဲဆိုရန် အကြောင်း ဖြစ်မြောက်စေခြင်းရှိ မရှိသာလျှင် စိစစ်ရမည်"ဟု **ဦးရမ်းကူဘေးပန်ဒစ်နှင့် ဦးရှိတုံ(ခ) ဦးလှမြင့် ပါ ၅ အမှု** [၂] တွင် ထပ်မံထုံးဖွဲ့ထားသည်။

မူလရုံးတရားလို၏အဆိုလွှာကို စိစစ်ကြည့်ရှုရာ တရားလိုကုမ္ပဏီသည် တရားပြိုင် ကုမ္ပဏီမှဆောက်လုပ်လျက်ရှိသော အဆောက်အဦ၏Bore piling လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက် ရန်အတွက် Mr. Tan Chye Heng အားကန်ထရိုက်တာအဖြစ်ဆောင်ရွက်ရန် တရားလိုနှင့် တရားပြိုင်သည် ၃၀-၅-၂၀၁၃ နေ့စွဲပါ ပဋိညာဉ်ကိုချုပ်ဆိုအလုပ်လုပ်ကိုင်ခဲ့ကြကြောင်းတွေ့ရသည်။

၃-၃-၂၀၁၅ ရက်နေ့တွင် အဆောက်အဦ၏Bore piling တိုင် ၉၄ လုံးဆောင်ရွက် ပေးပြီးဖြစ်ပြီး၊ ကျန်ရှိသော Pile Head Cutting လုပ်ငန်းကို Mr. Tan Chye Heng ခန့်အပ် ထား သော Sub Contractor ဖြစ်သူ ဦးကျော်လင်းထံမှတရားပြိုင်က တရားလိုသို့အသိပေးခြင်း မရှိဘဲ လွှဲပြောင်းရယူလုပ်ကိုင်ခဲ့ကြောင်း၊ တရားလိုမှစက်ယန္တရားများသွားရောက်ထုတ်ယူရာတွင် လုပ်ငန်း ခွင်အတွင်းဝင်ရောက်ခွင့်မပြုသဖြင့် တရားလိုပိုင်စက်ယန္တရားများထုတ်ယူနိုင်ခြင်း မရှိကြောင်း၊ တရားလိုတွင် နစ်နာမှုများဖြစ်ပေါ်နေကြောင်း အဆိုပြု၍ ၎င်းပိုင်စက်ယန္တရားများ ပြန်လည်ပေးအပ် စေရန်နှင့်နစ်နာကြေးငွေများရလိုမှုစွဲဆိုခြင်းဖြစ်သည်။

တရားလိုနှင့်တရားပြိုင်အကြား လုပ်ငန်းလုပ်ကိုင်ရာတွင် ဆိုလွှာနှင့်အတူ ပူးတွဲ တင်ပြထားသည့် ၃၀-၅-၂၀၁၃ ရက်စွဲပါ ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း အဆိုလွှာအရ ထင်ရှားသည်။ အဆိုပါ ပဋိညာဉ်အပိုဒ် ၁၃ ၌ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြသဘောတူထားကြသည်-

၁၃။ အငြင်းပွားမှု

၁၃-၁ ပဋိညာဉ်လုပ်ငန်းများနှင့်ဆက်နွှယ်၍ အငြင်းပွားမှုပြဿနာများ၊ မေးခွန်းများ သို့မဟုတ် အယူအဆကွဲပြားမှုများ တစ်ခုခု၊ ပိုင်ရှင်နှင့်ကန်ထရိုက်တာနှစ်ဖွဲ့စလုံး တို့က ပြီးဆုံးသွားရန် စေ့စပ်ညှိနှိုင်းပါမည် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှု ပြုလုပ်ပြီး အငြင်းအခုံ ပြဿနာများ၊ မေးခွန်းများ၊ သို့မဟုတ် ကွဲပြားခြားနားမှုများ

---
၂။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၇၄

ဆုံးခန်းတိုင်ရောက်ရှိကျော်လွန်သွားမည့် အဖြေရှာရန် စေ့စပ်ညှိနှိုင်းမှုပြုလုပ်မည် ဖြစ်သည်။

ပဋိညာဉ်အပိုဒ် ၁၄ တွင်လည်း အောက်ပါအတိုင်းဖော်ပြထားသည်-

၁၄။ အနုညာတစီရင်ဆုံးဖြတ်မှု

၁၄-၁ ဤပဋိညာဉ်နှင့်ဆက်စပ်၍ သို့မဟုတ် ဤပဋိညာဉ်အရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုတစ်ခုခု သို့မဟုတ် မတူကွဲပြားမှုတစ်ခုခု ( ဤပဋိညာဉ် သို့မဟုတ် အစိတ်အပိုင်းတစ်ခုခု ခိုင်မာမှု သို့မဟုတ် အားဖြစ်စေမှု အပါအဝင်) သို့မဟုတ် ပဋိညာဉ်အရဆောင်ရွက်မှုတို့မှပေါ်ပေါက်လာသော အငြင်းပွားမှု သို့မဟုတ် မတူကွဲပြားမှုကို အဖွဲ့များကကောင်းမွန်သောယုံကြည်မှုဖြင့် စေ့စပ်ညှိနှိုင်းပါမည်။

၁၄-၂ အကယ်၍ အဖွဲ့တစ်ခု သို့မဟုတ် အမိန့်အရ ညွှန်းသောကိစ္စရပ်ကို ရက်ပေါင်း ၉၀ အတွင်းအငြင်းအခုံဖြစ်မှု သို့မဟုတ် မတူကွဲပြားမှုကို မဖြေရှင်းနိုင်ပါက သဘောတူ စာချုပ်အရ ခုံသမာဓိတစ်ဦးခန့်ထားမှုအားဖြင့် အနုညာတ စီရင်မှုကို ရည်ညွှန်းမှု သို့မဟုတ် (ဦးတည်အညွှန်း၏အခြားအဖွဲ့သို့ အခြားအဖွဲ့တစ်ခုက အသိပေးမှု လက်ခံ ရရှိပြီးနောက် ၁၄ ရက်အတွင်းသဘောတူညီမှုမရပါက) အဖွဲ့တစ်ခုခု၏စာဖြင့်ရေးသား ထားသောမေတ္တာရပ်ခံချက်အရ ခုံသမာဓိခန့်ထားဆောင်ရွက်မည်ဖြစ်သည်။

သို့ဖြစ်ရာ တရားလိုကုမ္ပဏီနှင့်တရားပြိုင်ကုမ္ပဏီအကြား ပေါ်ပေါက်သည့် အငြင်းပွားမှု ပြဿနာများကို ၎င်းတို့အချင်းချင်းသဘောတူညီချုပ်ဆိုထားသည့် ပဋိညာဉ်အပိုဒ် ၁၃၊ ၁၄ တို့ပါ သဘောတူညီချက်များအရ စေ့စပ်ညှိနှိုင်းမှုပြုလုပ်ခြင်း။ စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းမရပါက ခုံသမာဓိလူကြီးခန့်အပ်၍ အနုညာတစီရင်ဆုံးဖြတ်မှုခံယူခြင်းတို့ ဦးစွာပြုလုပ်ရမည်ဖြစ်ကြောင်း တွေ့ရှိရသည်။

တရားလို၏အဆိုလွှာအရ သဘောတူညီချက်အပိုဒ် ၁၃၊ ၁၄ တို့ပါအတိုင်းဆောင်ရွက် ပြီးကြောင်း မပေါ်ပေါက်သဖြင့် အဆိုလွှာက တရားစွဲဆိုရန်အကြောင်း ဖြစ်မြောက်စေသော အကြောင်းခြင်းရာများထင်ရှားပေါ်ပေါက်ခြင်းမရှိသဖြင့် မူလရုံးတရားလို၏အဆိုလွှာကို ပယ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီသည် ဥပဒေအရ မှားယွင်းခြင်းမရှိချေ။

ထို့ကြောင့် [ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။]

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

( ခင်မောင်ကြည်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး